## ကော့မှူးမြို့နယ် တရားရုံး
## ၂၀၀၄ –ခုနှစ်၊ ပြစ်မှုကြီးအမှတ်

| | | |
|---|---|---|
| မစုစုနွေး<br>ထန်းမနိုင်ကျေးရွာ<br>ကော့မှူးမြို့နယ် | ------------------------ | လျှောက်ထားသူ |

နှင့်

| | | |
|---|---|---|
| ၁။ ဦးစိန်ပေါ<br>၂။ ဦးကျော်သင်း<br>ထန်းမနိုင်ကျေးရွာ<br>ကော့မှူးမြို့နယ် | ------------------------ | လျှောက်ထားခံရသူများ |

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၄ အရလျှောက်ထားမှု**

အထက်အမည်ပါ လျှောက်ထားသူက
အောက်ပါ အတိုင်းလျှောက်ထားအပ်
ပါသည်။

၁။ တရားလိုသည်ထန်းမနိုင်ကျေးရွာတွင်တစ်ဦးတည်းနေထိုင်သော ရွာသားတစ်ဦးဖြစ်ပါသည်။

၂။ လျှောက်ထားခံရသူ ဦးစိန်ပေါသည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖြစ်ပါသည်။ ထန်းမနိုင်ကျေးရွာနှင့် မြတ်စံနီ ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်သော ဆက်သွယ်ရေးကားလမ်းဆောက်လုပ် ရေးအတွက်ဟုဆိုကာဦးစိန်ပေါ ညွှန်ကြားချက်အရ တစ်အိမ်ထောင် အောက်ခြေ ၂၅'၊ အမြင့် ၅'၊ မျက်နှာပြင် ၁၅'၊ အကျယ် ၂၅'၊ မြေဖို့လုပ်ငန်းကို ဆောင်ရွက်ရန်နှင့် မဆောင်ရွက်နိုင်ကငွေဖ၀၀၀ကျပ် ပေးရန်၊ ပျက်ကွက်ကအရေးယူခံရမည်ဟု(၂၈–၃–၂၀၀၄) ရက်နေ့ ည(၈း၀၀)နာရီ တွင် သံချဲ့စက်ဖြင့်ကြော်ငြာခဲ့ပါသည်။

၃။ မိသားစုမရှိ၍တစ်ဦးတည်းနေထိုင်သူများကို (၃) ဦးပေါင်း၍ မြေဖို့ရန် ခိုင်းစေခဲ့ပါသည်။ တရားလိုသည် ဒေါ်မြို ၊ ဒေါ်ငွေရင် တို့နှင့်အတူ မြေဖို့ရန် အပိုင် ဆယ်အိမ်မှူး ဦးကျော်သင်းက စေခိုင်းလာပါသည်။

၄။ ၃၀ –၄ – ၂၀၀၄ ရက်နေ့တွင် ဥက္ကဋ္ဌ ဦးစိန်ပေါနှင့် ဦးကျော်သင်းတို့မှ တရားလိုအား (၅) ရက်အတွင်း မြေဖို့ခြင်းလုပ်ငန်းကို လုပ်ကိုင်ရမည်ဟု အတင်းအဓမ္မ ခိုင်းပါသည်။

၅။ လျှောက်ထားခံရသူတို့၏ လုပ်ရပ်သည် ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၄–၅–၂၀၀၄) ရက်စွဲပါ အမိန့်အမှတ် ၁/၉၉ နှင့် (၂၇ – ၁၀ – ၂၀၀၄) ရက်စွဲပါ အမိန့်အမှတ် ၁/၉၉ ကို ဖြည့်စွက်သည့် အမိန့်တိုအရ ၎င်းဆန့်ကျင်သော လုပ်ရပ်များဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လျှောက်ထားခံရသူများအား ဥပဒေအရ
အရေးယူပေးပါရန် လျှောက်ထားအပ်ပါသည်။

၂၀၀၄–ခုနှစ်၊ ဧပြီလ (၂၇) ရက် — တရားလို

ကော့မှူးမြို့

ပူးတွဲတင်ပြသော စာရွက်စာတမ်းများ

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၉၉ မိတ္တူ

၂။ ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၉၉ ကို ဖြည့်စွက်သည့်အမိန့်

၃။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၏ စာအမှတ် – ၁၄/န ‧ ယ ‧ က (ဥ) /မည (၁ – ၁၁ – ၂၀၀၀ ) ရက်စွဲဖြင့် ထုတ်ပြန်သော စာမိတ္တူ။

မိတ္တူကို

၁။ ဝန်ကြီး ၊ ပြည်ထဲရေးဝန်ကြီးဌာန ၊ ရန်ကုန်မြို့

၂။ တာဝန်ခံ ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၊ ရန်ကုန်မြို့

၃။ ဥက္ကဋ္ဌ ၊ ဖဟိုအလုပ်မှုဆောင်အဖွဲ့ ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့

၄။ လက်ခံ

ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ထန်မနိုင်၊ကော့မှူးမြို့
နေ့စွဲ။ ၂၀–၄–၂၀၀၄

သို့
ဦးအောင်ဇင်မိုး
အကြောင်းအရာ။ ။ကိုယ်ထူကိုယ်ထကိုးတောင်လမ်းထူထောင်ရန်ကိစ္စ

အထက်ပါကိစ္စနှင့်ပတ်သက်၍ ထန်းမနိုင်ကိုးတောင် ဆက်သွယ်ရေးလမ်းအားကိုယ်ထူကိုယ်ထမြို့နယ်၏ ညွှန်ကြားချက်ဖြင့် တူးဖေါ်ရာတွင် မိမိတာဝန်ကျပေအားယခုထိလာရောက်နေရာယူတူးဖေါ်ခြင်းမရှိပါ၍ ယခုချက်ခြင်းကျေးရွာ ရယက ရုံးသို့မပျက်မကွက်လာရောက်ပါရန်။

ဥက္ကဌ(ကစ)
ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ထမ္မနိုင်ကျေးရွာအုပ်စု၊ ကော့မှူးမြို့နယ်

ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ထမ္မနိုင်ကျေးရွာအုပ်စု၊ ကော့မှုးမြို့နယ်
ရက်စွဲ။ ၂၀၀၄–၄–၂၅ရက်

အကြောင်းအရာ။ ။<u>ကိုးတောင်ထမ္မနိုင်ဆက်သွယ်ရေးလမ်းမတူးသေးကိစ္စ</u>

အထက်ကြောင်းရာပါကိစ္စနှင့်ပတ်သက်၍ ကိုးတောင်ထမ္မနိုင်ယခင်လမ်းဟောင်းကို ဆက်သွယ်ရေးလမ်းကြောင်းကိုယ်ထူကိုယ်ထ တူးဖေါ်ရန်အတွက် အကြိမ်ကြိမ်ဆင့်ဆိုသော်လည်းယနေ့အထိ မတူးဖေါ်သေးပါ၍ စာရပါကကျေးရွာ(ရယက) ရုံးသို့မပျက်မကွက်လါရောက်ပါရန်နောက်ဆုံးသတိပေးအကြောင်း ကြားပါသည်။

မှတ်ချက်။ ။အစည်းအဝေးဆင့်ဆိုခြင်းမလာသည်မှာအကြိမ်ကြိမ်ဖြစ်ပါ၍နောက်ဆုံးအကြိမ်သတိပေး ခြင်းဖြစ်ပါသည်။

ဥက္ကဌ
ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ထမ္မနိုင်ကျေးရွာအုပ်စု၊ ကော့မှုးမြို့နယ်

# အစစ်ခံချက်

| | | |
|---|---|---|
| အမည် | --------- | မစုစုနွေး(ခ) နွယ်နွယ်ဝင်း |
| အသက် | --------- | ၃၂ / ၂၀၀၄ |
| မိဘအမည် | --------- | ဦးတင်စိန်(ဆုံး)၊ဒေါ်ညွန့်ရင်(ဆုံး) |
| မှတ်ပုံတင် | --------- | ၁၂ ၊ ကမန(နိုင်)၀၀၂၀၈၁ |
| လူမျိုး၊ဘာသာ | --------- | ဗမာ၊ ဗုဒ္ဓ |
| အလုပ်အကိုင် | --------- | မှီခို |
| နေရပ် | --------- | ထန်းမနိုင်ရွာ(အရှေ့ပိုင်း)ကော့မှူးမြို့နယ် |

ကိုယ်ရေးအကျဉ်း

ကျမသည် ၁၃၃၄ခုနယုန်လဆုပ်(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ထန်းမနိုင်ရွာ၌ မွေးဖွားခဲ့ပါသည်။မွေးချင်း(၅)ယောက်ရှိသည့်အနက်(၃)ယောက်မြောက်ဖြစ်ပါသည်။(၁)ဦးသန်းလွင်၊ဖရုံချောင်ကွင်း(လယ်လုပ်)၊ (၂)မငွေးကြည်၊ထန်းမနိုင်(မှီခို)၊ (၃)မိမိ၊ (၄)မခင်အေးနိုင်၊ထန်းမနိုင်(မှီခို)၊ (၅)မကြည်ကြည်ခိုင်၊ရွှေပြည်သာမြို့နယ်(မှီခို) တို့ဖြစ်ပါသည်။ငယ်စဉ်ကထန်းမနိုင်တွဲဘက် အထက ၌(၈)တန်းအောင်အထိ ပညာသင်ကြားဘူးပါသည်။ အိမ်ထောင်မရှိအပျိုဖြစ်ပါသည်။

မှုခင်းဖြစ်စဉ်

ကျမတို့ထန်းမနိုင်ရွာ၊ကိုးတောင်ရွာ၊ကန်သုံးကန်ရွာ၊မျက်ဆံနီရွာများကိုဆက်သွယ်သည့် လမ်းဖောက်လုပ်ရန် တစ်အိမ်ထောင်လျှင် အောက်ခြေအခင်း၂၅ပေ၊ အမြင့်၅ပေ၊ ထိပ်၀၁၅ပေ၊ အရှည်၂၅ပေ မြေကြီးတူးဖို့ရန် (၂၉-၃-၀၄)နေ့ည(၈)နာရီတွင် အသံချဲ့စက်ကိုရွာလယ်တံတားထိပ်တွင်ထား၍ ဦးသံခဲ(ခ)ဦးမြင့်သိန်းမှ ကိုးတောင်၊ထန်းမနိုင်ဆက်သွယ်ရေးလမ်းကို တအိမ်ထောင်လျှင်အောက်ခင်း၂၅ပေ၊ အမြင့်၅ပေ၊ ထိပ်၀၁၅ပေ၊ အရှည်၂၅ပေ တူးဖော်ရမည်၊ပျက်ကွက်ပါက ဥပဒေအရအရေးယူခြင်းခံရမည်ဟု ကြေငြာပါသည်။နောက်တနေ့မနက်(၄)နာရီထိုးမှာလည်း ဦးသံခဲရော ဦးဝင်းလွင်ပါအထက်ပါကြေငြာချက်အတိုင်းကြေငြာပါသည်။ထိုသို့ကြေငြာပြီးနောက်တနေ့တွင် ဆယ်အိမ်ခေါင်းဦးကျော်သင်းမှ သူ့အပိုင်မှအိမ်များကို(၅)ရက်အတွင်းအပြီးတူးရန်လိုက်ပြောပါသည်။ကျမထံသို့လည်းလာပြီးကျမနှင့်ဒေါ်ဖြူ၊ဒေါ်ငွေရင် ပေါင်း(၃)ယောက်ကို တစ်ကိုယ်တာတူးခိုင်းပါသည် မတူးလျှင်နင်တို့ကိုအချုပ်ခန်းထဲပို့မည်ဖြစ်ကြောင်းပြောပါသည်။ကျမက ကျမ၏ကျန်းမာရေးမကောင်း၍ ကျမတို့လိုလူမျိုးတွေအားလွှတ်ပေးရန်ပြောပါသည်။ဦးကျော်သင်းမှ မရကြောင်း၊နင်မတူးလျှင်နင့်ကိုကော့မှူးကိုပို့မည်ဖြစ်ကြောင်း ယခုတောင်မှ ဖို့မြေပိုင်းကဒေါ်ကုလားမ ကိုပို့လိုက်ပြီဖြစ်ကြောင်း၊ခြိမ်းခြောက်ပြောဆိုသွားပါသည်။ ထိုသို့ပြောပြီးနောက် ဦးကျော်သင်း ကျမထံမလာတော့ပါ။(၂၃-၄-၂၀၀၄)နေ့အပြီးမတူးပါက ဥပဒေအရအရေးယူခြင်းခံရမည်ဖြစ်ကြောင်းကို ဦးသံခဲ မှအသံချဲ့စက်နှင့်ထပ်မံကြေငြာပါသည်။ထိုသို့ကြေငြာသံကြား၍ ကျမသည်ငါကိုရဲတွေနဲ့လာဆွဲတော့မည်ဟုစိုးရိမ်ကာ ILO ရုံး(ရန်ကုန်သို့)သွားပြီး၊ကျမတို့ကျေးရွာတွင်ကျေးရွာရယက များမှ ကိုယ်ထူကိုယ်ထ ဟုဆိုပြီးလမ်းတွေဖောက်ခိုင်းပါတယ်၊မဖောက်နိုင်ပါကငွေ ၆၀၀၀ကျပ်နှုန်းပေးရမည်ဟုကြေငြာပါသည်၊တကယ်လည်းငွေတောင်းပါသည်။ကိုယ်ထူကိုယ်ထဆိုပြီး(၅)ရက်အတွင်းတူးခိုင်းပါသည်။ မတူးနိုင်ပါကဥပဒေအရအရေးယူမည်ဟုထုတ်ပြန်ပါတယ်ဟုပြောပြသောအခါ စကားပြန်မှခင်ဗျားတို့ကိုကိုယ်ထူကိုယ်ထဟုဆိုပြီးလမ်းဖောက်ခိုင်းတယ်ဆိုတာဟုတ်သလား၊ကျေးရွာသူ၊ကျေးရွာသားများကိုလည်းလမ်းဖောက်ခိုင်းတယ်ဆိုတာဟုတ်သလား၊ဥပဒေအရအရေးယူခံရမည်ဟုကြေငြာတယ်ဆိုတာဟုတ်သလားဟုမေးပါသည်။ ကျမကဟုတ်ပါသည်ဟုပြော၍ ကျမအားဒါကိုရဲစခန်းတိုင်၍ရတယ်ဆိုတာကိုသိသလား တရားရုံးကိုဦးတိုက်လျှောက်၍ရတယ်ဆိုတာကိုသိသလားဟုကျမကိုမေးရာ၊မသိကြောင်းပြောရာ၊ဒါဆိုခင်ဗျားသိပြီတိုင်၍ရတယ်ဟုပြောသဖြင့်နောက်တနေ့(၂၇-၄-၂၀၀၄)နေ့တွင်ကော့မှူးတရားရုံးသို့သွား၍ ဦးတိုက်လျှောက်ခဲ့ပါသည်။ကျမသည်ယခုလမ်းကိုနေရာသွားမှတ်ပြီး တူးဖော်ခြင်းမရှိခဲ့ပါ၊ပိုက်ဆံပေးခဲ့ခြင်းလည်းမရှိပါ၊ ရယကများကရဲများခေါ်လာ၍မဖြစ်မနေတောင်းက ကျမကြောက်၍ထုတ်ပေးရပါမည်။

ဖတ်ပြရာမှန်ကန်ပါသည်။

| | |
|---|---|
| ပုံ ------- | ပုံ-------- |
| (စုစုနွေး) | (စံလှ) (စခန်းမှူး) |

## သက်သေထွက်ချက်

ကော့မှူးမြို့နယ်တရားရုံး
၂၀၀၄ ခုနှစ် ပြစ်/ကြီးမှုအမှတ်– ၂၂၀
၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်။

တရားခံအမှတ် (၁)၏ ထွက်ဆိုချက်။
သက်သေအား ကျမ်းကျိန်ဆို ကတိသစ္စာပြုစေပြီး ထွက်ဆိုသည့်စာ
အမည် –– ဦးစိန်ပေါ
အသက်– ၄၀
အမျိုးသားမှတ်ပုံတင်အမှတ် – ၁၂/တပန (နိုင်) ၁၁၅၇၆၇
လူမျိုး–––– ဦးစိန်ပေါ
ကိုးကွယ်သည့် ဘာသာ–– ဗုဒ္ဓ
ဇာတိ––– ထန်းမနိုင်
အလုပ်အကိုင်–– အရောင်းအဝယ်
မိဘအမည်– ဦးဘိုကေ ဒေါ်လှယဉ်
တရားခံ ထွက်ဆိုချက် (တရားခံရှေ့နေမေး)

ယခုအမှုအခင်းဖြစ်ပွားသည့် ကိုးထောင် ထန်းမနိုင် ဆက်သွယ်ရေးလမ်းဟောင်းကို မြေဖို့ပြုပြင်သည့် ကိစ္စအပေါ် အမှုဖြစ်ခြင်းဖြစ်ပါသည်။ လမ်းဟောင်းမြေဖို့သည့် ကိစ္စမှာ ကိုးထောင်ထန်းမနိုင်လမ်းမမှာ ၁၉၇၄ မှစ၍ ရှိခဲ့ရာ ထိုလမ်းဟောင်း ပျက်နေ၍ရဟန်းရှင်လူ ကျောင်းသားများသွားလာရေး အခက်အခဲရှိသဖြင့် နီးစပ်ရာ ရွာနှင့် မြို့နယ်များမှ နေ၍ စုရုံးလုပ်ရန် (၁၇–၁၂–၂၀၀၃)နေ့မှာတစ်ကြိမ်၊ (၁၆–၁–၂၀၀၄)တွင်တစ်ကြိမ်ဆွေးနွေးခဲ့ပါသည်။ (၂၂–၂–၂၀၀၄)မှာလည်း ထန်းမနိုင် ထန်မနိုင်ရွာရှေ့ဘုန်းကြီးကျောင်းတွင် အစည်းအဝေးလုပ်ပါသည်၊ မြို့နယ်မယက ဥက္ကဋ္ဌ ပြည်ခိုင်ဖြိုးဦးမြင့်ကြိုင်၊ စည်ပင်မှ ဦးသာဦးနှင့် နီးစပ်ရာရွာသားများမှ ရယကများ၊ ရပ်မိရပ်ဖများတက်ရောက်ကြပါသည်။ ကိုးထောင်၊ထန်းမနိုင် ဆက်သွယ်ရေး လမ်းကို မယကဥက္ကမှ ကိုယ်ထူ ကိုယ်ထလုပ်ဆောင်ကြရန် ဆွေးနွေးတင်ပြပါသည်။ စပါးဆန်ရေ ရိတ်သိမ်းပြီး၍ လုပ်ငန်း သိမ်းချိန် တွင် လုပ်မည်ဆိုကတရွာနှင့်တရွာ သွားလာလွယ်ကူချောမွေ့အောင် လုပ်ကိုင်ဖို့အကြောင်းမယကဥက္ကဋ္ဌမှ ဆွေးနွေး တင်ပြ ပါသည်။
ကိုထောင်၊ ကန်သုံးကန် ရွာတွေမှာ ကျနော်တို့ရွာထိပ်မှာ ဖြစ်နေ၍ ဝိုင်းကူဖို့၊ ကျနော်ဝိုင်းမကူရင် အဆက်ပြတ် နေမှာစိုးလို့ဝိုင်း၍ပါဝင်လုပ်ဆောင်ရန်အကူအညီတောင်းပါသည်။ထိုစဉ်ကထန်းမနိုင်ရွာ အနေဖြင့် ဘုရားထီးတင် ရန်ကိစ္စများပြန်လည် လုပ်ဆောင်နေ ရ၍လမ်းကိစ္စများမပါဝင်လိုကြောင်း၊ ကျွန်တော်သည့် အတွက်ဝိုင်းဝန်း ပြောကြခြင်း ဖြစ်ပါသည်။ ထိုအစည်းအဝေး မှ ထန်းမနိုင် ကိုးထောင်လမ်းကိုလုပ်ရန် သဘောတူကြပါသည်။ ဘေးနီးစပ်ရာရွာများမှ ကိုယ့်အစီအစဉ်ဖြင့် ကိုယ်လုပ်ကြရန် မယကမှအကြံပြုကြသည်။ ကျေးရွာမှ စေတနာရှိသူ ပြည်သူများနှင့် စည်းရုံးပြီးလုပ်ကြရန် ဆွေးနွေးပါသည်။ သို့သော် ၄င်းအစည်းအဝေးပြီးနောက် မလုပ်ဖြစ်သေးပါ၊ ကိုးထောင် ကန်သုံးကန်ရွာများမှ (၂)လပိုင်းတွင် စလုပ်ကြပါသည်။
ကျနော်တို့က (၂၁–၃–၁၄)နေ့မှာ ကျေးရွာရယက ရုံးတွင် ကျွန်တော်တို့ ရပ်မိရပ်ဖများ၊ ကျေးရွာအဖွဲ့အစည်း များ ဆယ်အိမ်မှူးများခေါ်ယူပြီးကျေးရွာများမှအကူအညီတောင်းသည့်အကြောင်းပြောပြသည်။ထိုအချိန်တွင်လမ်းကိစ္စ နှင့်ပက်သက်ပြီး ရယက အစည်းအဝေးလုပ်ပြီးရှင်းပြပါသည်။ ညနေ ၁၆း၀၀ နာရီခန့်တွင် ရပ်မိရပ်ဖများ လမ်း ကော်မတီအစည်းအဝေးဖြစ်သည်။ (၂၂–၃–၁၄) နေ့မှာ လမ်းကော်မတီမှကြေငြာမှုပြုလုပ်ပါသည်။ ဦးဝင်းလွင်နှင့် ဦးသံခဲတို့မှ ကြော်ငြာပါသည်။ ဦးဝင်းလွင်မှာ လမ်းဖောက်လုပ်ရေးကော်မတီဥက္ကဋ္ဌဖြစ်ပါသည်။ ဦးသံခဲအနေဖြင့် လမ်းကော်မတီမှအကူအညီတောင်း၍ဝိုင်းဝန်းကြော်ငြာပါသည်။ ဆယ်အိမ်မှူးများမှာ လမ်းကော်မတီအကူအညီ တောင်း ၍ ၄င်းတို့၏ ရပ်ကွက်များတွင် လိုက်၍ စည်းရုံး ပြောဆိုပေးပါသည်။ (၂၃–၃–၂၀၀၄)မှ (၂၈–၃–၀၄) နေ့အထိ ကိုယ်ထူကိုယ်ထ တူးဖော်ကြရပါသည်။ (၂၈–၃–၁၄)မှ နောက်ပိုင်း ထပ်မံတူးဖော်ရန် ကိစ္စအတွက် ဘာမှ လုပ်ကိုင်ခြင်းမရှိပါ။ ကြော်ငြာခြင်းလည်းမရှိပါ။ (၁–၄–၂၀၀၄)မှာ တူးပြီးသားလူများကို လမ်းကော်မတီမှ လက်မှတ်ထိုးခိုင်းပါသည်။ ကိုယ်ထူကိုယ်ထ တူးဖော်သည့်အကြောင်း လက်မှတ်ထိုးခိုင်းခြင်းဖြစ်ပါသည်။

(၁၅–၄–၂၀၀၄) နေ့တွင် လည်းလက်မှတ်ထိုးခိုင်းခြင်းဖြစ်ပါသည်။ မတူးသည့် လူများနှင့်ပက်သက်၍ ကျွန်တော်တို့ခေါ်ယူခြင်းဒဏ်ရိုက်ခြင်းမရှိပါ။
လမ်းကော်မတီမှဆွေးနွေးရန်ခေါ်ယူခိုင်းတာရှိပါတယ်။လမ်းကိစ္စတွင်ကျနော်ရယကအနေဖြင့်လုပ်ဆောင်ခြင်းမရှိပါ။ လမ်းကော်မတီ ကသာ လုပ်ခြင်းဖြစ်ပါသည်။ ဦးကျော်သင်းကို ကျနော်မခိုင်းပါ။ လမ်းမြေဖို့ သည့်ကိစ္စတွင်လည်း ကျနော်အခမ့်ခိုင်းတာမရှိပါ။ ကျွန်တော်မခိုင်း၍ အပြစ်မရှိပါ။

ရုံးမေး– (၁၁–၃–၀၄) နေ့ရွာ ရယယ ရုံးမှ ဆွေးနွေးစဉ် ကျတော်တို့မှ ဘုရားကိစ္စရှိ၍ ရွာတွင်လမ်းကိစ္စ ရေစီးရေလာကိစ္စရှိ၍ စိမ်းလန်းစိုပြေ၍မအားလပ်၍ ရပ်ဖိရပ်ဖများကို ကူညီနိုင်ရင် ကူညီကြရန် ဆွေးနွေးပါသည်။

တရားလိုရှေ့နေပြန်လှန်မေး

ထန်းမနိုင်ကျေးရွာရယက ဥက္ကဌဖြစ်ပါသည်။အဖွဲ့ဝင်ဦးကျော်သင်း၊ဦးသံခဲပါသည်ဆိုက ဦးကျော်သင်းသည် ဆယ်အိမ်မှူး ဖြစ်ပါသည်။ (၁၇–၁၂–၂၀၀၃) (၁၆–၁–၂၀၀၄)နေ့အစည်းအဝေးလုပ်စဉ်က ကျွန်တော်တို့ ကန်သုံးကန်ရပ်ဖိရပ်ဖများနှင့်ထန်းမနိုင်ရွာကိုလာရောက်ဆွေးနွေးကြခြင်းဖြစ်ပါသည်။မယကမပါပါ။
(၂၂–၂–၂၀၀၄)မှ မယကဥက္ကဌပြည်ခိုင်ဖြိုးဦးမြင့်ကြိုင်၊ စည်ပင်ဦးသာဦးနှင့် ရပ်မိရပ်ဖများ လာရောက်ဆွေးနွေးသည်ဆိုရာမှာ မယက ဥက္ကဌမှာဦးခင်မောင်ဝင်းဖြစ်ပါသည်။ မယကဥက္ကဌ၏ လမ်းညွှန်ချက်အရ လုပ်သလားဆိုတာမဟုတ်ပါ။၄င်းမှအကြံပြုခြင်းသာဖြစ်သည်။ရွာသားများတင်ပြချက်အရဖြစ် ပါသည်။ တရားလိုနှင့်သက်သေများ တွင် ကျွန်တော်တို့နှင့်ရန်ငြိုးရန်စရှိသူမဟုတ်ပါ။ ကျွန်တော်တို့ မကောင်းကြောင်းကို ၄င်းတို့တရားလိုနှင့် သက်သေများအနေနှင့် ပြောမှာမဟုတ်ဟုဆိုလျှင်မှန်ပါသည်။ သူတို့ထွက်ဆိုချက်အမှန်ဖြစ်သည်ဆိုက မမှန်ပါ။
အသံချဲ့စက်ဖြင့်
ကြော်ငြာတာမဟုတ်ပါ။ (၂၃–၃–၀၄)နေ့တစ်ကြိမ်၊ (၂၄–၃–၂၀၀၄) မနက် ၄း၀၀ နာရီတစ်ကြိမ် ကြေငြာခဲ့သည်ဆိုက မဟုတ်ပါ။ (၂၂)ရက်နေ့က ကြော်ငြာတာဖြစ်ပါသည်။ ကြေငြာရာတွင် ဦးသံခဲနှင့် ဦးဝင်းလွင်တို့ဖြစ်ပါသည် ဆိုကမှန်ပါသည်။ ထိုသို့ကြေငြာရာတွင် ထန်းမနိုင်ကျေးရွာနေအိမ်ထောင်စုဝင်များကြားသိစေရန် ကြေငြာအပ်ပါသည်။ မြို့နယ်ညွှန်ကြားချက် အရ ကိုးထောင်၊ ထန်းမနိုင်ဆက်သွယ်ရေးလမ်းကို တအိမ်ထောင်စု လျှင်အောက်ခင်း (၂၅)ပေ၊ အမြင့် (၅)ပေ၊ ထပ်ဝ (၁၅)ပေ၊ အရှည် ၁၅ပေနှုန်း တူးဖော်ပေးရမည်ဖြစ်သည်။ မတူးဖော်နိုင်ပါက ငွေကျပ် ၆၀၀၀ နှုန်းပေး ဆောင်စေရမည်။ ဆယ်အိမ်ခေါင်းကို ပေးရမည်။ မပေးနိုင်ပါက (၂၄) ရက်မှစ၍ (၂၈)ရက်နေ့အထိ အပြီးမတူးဆောင်ပါက ငွေ (၆၀၀၀)ကိုလည်းမပေးဆောင်နိုင်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းကြေငြာ အပ်ပါသည်ဟု ဟု ကြေငြာခဲ့သည်မှာ မဟုတ်ပါ။ ထိုသို့မကြေငြာခဲ့ပါ။ တရားလိုနှင့် သက်သေများစစ်စဉ်က ထွက်ဆိုသဖြင့် ကျွန်တော်နှင့် ရန်ငြိုးရန်စ မရှိကြောင်း မလိုမုန်းထား မပြောနိုင်ကြောင်းဆိုသဖြင့်ဘာ့ကြောင့် မဟုတ်ဘူးဟု ပြောခြင်းဖြစ်ပါသည်။ ဦးသံခဲ ဦးကျော်သင်းကို့က ကျွန်တော် က ဥက္ကဖြစ်၍ ရယက ကိစ္စကို ကျွန်တော် မခိုင်းဘဲလုပ်မှာမဟုတ်ဆိုက ဒီကိစ္စမှာကျွန်တော်မခိုင်းပါ။ လမ်းကော်မတီဆိုတာ တရားဝင်ဖွဲ့ စည်းထားတာမဟုတ်ဆိုကို သူတို့ တရားဝင်ဖွဲ့တာ ဖြစ်ပါသည်။ တရားဝင်ဖွဲ့တာဆိုတာက ရယကနှင့် ဆယ်အိမ်မှူးတို့က လမ်းကိုဝင်မကူညီနိုင်လို့ရွာက အကူအညီတောင်း၍ လမ်းကော်မတီဖွဲ့စည်းခြင်းဖြစ်ပါသည်။ အမှန်ကလမ်းကော်မတီမှာရယကခိုင်းချိန်မှာ မရှိခဲ့ဘူးဆိုက ကျွန်တော်တို့ မခိုင်းပါ။ သူတို့စခိုင်းတာဖြစ်ပါသည်။ စုစုနွေးတရားစွဲမှ လိမ်လည်ဖွဲ့စည်းထားသော အဖွဲ့ဆိုပါက မဟုတ်ပါ။ သက်သေခံ (ဂ) မှာ ရယက ရုံးမှ တံဆိပ်နှင့် ဥက္ကဌ တံဆိပ်တုံးမှာ ကျွန်တော်တို့ရုံးမှ တံဆိပ်တုံးများ ဖြစ်□ ကပါသည်။ လမ်းကော် မတီမှအကူအညီတောင်း၍ အကူအညီပေးခြင်းဖြစ်ပါသည်။ သက်လက်သေခံ (ဃ)တွင် ကျွန်တော်ကိုယ်တိုင် လက်မှတ်ထိုး ထားတာမဟုတ်ပါ။ မှတ်ချက်တွင် ရေးသားဖော်ပြချက်သည် လက်မှတ်ရေးထိုးစဉ်ပါသည်။သူတို့ဆွေးနွေးချင်လို့ဖြစ်ပါသည်။ ထိုစာတွင်လမ်းကော်မတီအသုံးအနှုန်းမပါပါ။ ဥက္ကဌတစ်ယောက်နှင့် လမ်းကော်မတီမှ အကူအညီတောင်းရင် လုပ်လေ့ရှိသည်ကား ဆိုတာရှိပါသည်။ ဘုန်းကြီးကျောင်းကိစ္စမှာ အကူအညီတောင်းရင် လုပ်ပေးခဲ့ပါသည်။ သက်သေခံ (ဂ)တွင်လည်း လမ်းကော်မတီ ဆိုသော စကား (၁) လုံးမှ မပါဆိုကမှန်ပါသည်။ ကိုယ်ထူကိုယ်ထမြို့နယ်ညွှန်ကြားချက်ဆိုရာမှာ ဘာကိုဆိုသလဲဆိုက မြို့နယ်မှာ အကြံပြုသည်ကို ဆိုလိုခြင်းဖြစ်ပါသည်။ စာတွင် ကော့မှူးမြို့နယ်အကြံပြုချက်ဟု မပါပါ။ အောင်ဇင်မိုး၊ ဒွေးလွင်ကို ကိုကျွန်တော်ကိုယ်တိုင် ဦးဆောင်၍ ဆင့်စာထုတ်သော်လည်း မလာသည့်အတွက် ရဲစခန်း၌ (၁)ရက်တိတိ ချုပ်နှောင်ခဲ့သည်ဆိုက မဟုတ်ပါ။ ဦးသံခဲ၊ ဦးဝင်းလွင်ကို အသံချဲ့စက်ဖြင့် ကြေငြာတာ ကျွန်တော်သဘောတူညီ

ချက်အရ ဆောင်ရွက်ခြင်းဖြစ်သည်ဆိုက မဟုတ်ပါ။ လမ်းကော်မတီဆောင်ရွက်ချက်ဖြစ်ပါသည်။ ဦးကျော်သင်း ကိုယ်တိုင် (၂၄)နေ့မနက် ၁၁း၀၀ နာရီမှာ စုစုနွေး အိမ်လာပြီး မြေကြီးတူးရန်ခိုင်းပြီး မတူးရင်ရဲခေါ်၍ ဖမ်းချုပ်မည်ဟု ပြောခိုင်းခဲ့သည်ဆိုတာမဟုတ်ပါ။ မသိပါ။ (၂၅) ရက်နေ့ နေ့ခင်း ၁၀း၀၀ နာရီတွင် ဦးကျော်သင်း ရောက်လာပြီး စုစုနွေးအားမတူးရင် ငွေ (၂၀၀၀) ပေး၊ မပေးရင် ရဲစခန်းခေါ်ပြီး အချုပ်ခန်းထဲထည့်မယ်၊ ဒေါ်ကုလားမကို တောင်ရဲစခန်းခေါ်ပြီး၊ ပြန်လာတယ်၊ ပိုက်ဆံမပေး၊ မတူးရင်နင်တို့အလှည့်ဘဲဟု ပြောဆိုရန်စေခိုင်းသဖြင့် လာရောက်ပြောဆိုခဲ့သည်မဟုတ်ပါ။ (၂၃-၄-၀၄) နေ့ညနေ ၄း၀၀ နာရီတွင် အသံချဲ့စက်ဖြင့် ရွာထဲ တွင် အခမဲ့လုပ်အားပေးရန် ကြော်ငြာခဲ့သည်ဆိုက မဟုတ်ပါ။ စုစုနွေးကသာ တရားမစွဲရင် ကျွန်တော်တို့မှ စုစုနွေးအပါအဝင် တစ်ရွာလုံးရှိ လုပ်အားမပေးသူများအား တရားစွဲရန် စီစဉ်နေသည်ဆိုတာက မရှိပါ။ သဘောတူ လက်မှတ်ထိုးတာ တရားစွဲပြီးမှ လိမ်ပြီးလက်မှတ်ထိုးခိုင်းတယ်ဆိုကမဟုတ်။ ဦးဝင်းလွင်မှာ ရယက အဖွဲ့ဝင်မဟုတ်ပါ။ လုပ်အားပေးခိုင်းသည်မှာ ကာယကံရှင်များ သဘောမတူပဲ အတင်းအဓမ္မခိုင်း၍ လုပ်ရသည်ဆိုပါက လမ်းကော်မတီမှ စည်းရုံး၍လုပ်တာဖြစ်ပါသည်။ တရားလိုနှင့် လိုပြသက်သေများ စစ်စဉ် လမ်းကော်မတီက စည်းရုံးပြီး လုပ်ခိုင်းတာ အကူအညီတောင်းသည်ဟု တလုံးတပါဒမျှ ထွက်ဆိုခြင်း မရှိသည်ကို ကြားပါသည်။ အတင်းအဓမ္မခိုင်းစေသည်ကို လမ်းကော်မတီမှ ဦးဝင်းလွင်လုပ်သည်ဟု လွဲပြောဆိုခြင်းဖြစ်သည် ဆိုက မဟုတ်ပါ။

ပြန်ရှင်း----မရှိ။

ဖတ်ပြဝန်ခံ
ပုံ-----
(မြမြ)
အထူးအာဏာ
မြို့နယ်တရားသူကြီး
ကော့မှူးမြို့။

ကော့မှူးမြို့နယ်တရားရုံး
၂၀၀၄ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ်–၂၂၀

မစုစုနွေး– ------------------------------ တရားလို

နှင့်

၁။ ဦးစိန်ပေါ

------------------------------ တရားခံများ

၂။ ဦးကျော်သင်း

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ– ၂၅၈ (၂) အရ
တရားခံများအပေါ် အပြစ်ပေးဘို့လိုကြောင်း လျှောက်ထားချက်

ထက်အမှုမှ တရားလို၏ရှေ့နေက
အောက်ပါအတိုင်းလျှော်လဲချက်တင်
သွင်းသည်။

ဤအမှုမှာ တရားလိုသည် ထန်းမနိုင်ကျေးရွာတွင်နေထိုင်သော ရွာသူဖြစ်ပါသည်။ တရားခံအမှတ်(၁) ဦးစိန်ပေါသည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ ဖြစ်ပါသည်။ တရားခံအမှတ်(၂) ဦးကျော်သင်းသည် ရယက အဖွဲ့ ၏ဆယ်အိမ်မှူးဖြစ်ပါသည်။ ထန်းမနိုင်ကျေးရွာနှင့် မြတ်စန္ဒီကျေးရွာ သို့ဆက်သွယ်ဖောက်လုပ်နေသော ဆက်သွယ်ရေး ကားလမ်းအတွက်ဟုဆိုကာ ဦးစိန်ပေါ၏ ညွှန်ကြားချက်အရ တစ်အိမ်ထောင်လျှင်အောက်ခြေ ၂၅ ပေ၊ အမြင့် ၅ပေ၊ မျက်နှာပြင် ၁၅ ပေ၊ အရှည် ၅ ပေ၊ မြေဖို့လုပ်ငန်းဆောင်ရွက်ရန်နှင့် မလုပ်နိုင်က ငွေ ဖ၀၀၀/– ပေးရန်၊ ပျက်ကွက်က အရေးယူခံရမည်ဟု (၂၃–၃–၂၀၀၄)ရက်နေ့ည ၈ နာရီတွင် အသံချဲ့စက်ဖြင့် ကြော်ငြာခဲ့ပါသည်။ မိသားစုမရှိ၍ တစ်ဦးတည်း နေထိုင်သောသူများကို ၃ ဦးပေါင်း၍ မြေဖို့ခိုင်းစေခဲ့ပါသည်။ တရားလိုသည် ဒေါ်ဖြူ၊ ဒေါ်ငွေရင်တို့နှင့်အတူ မြေဖို့ရန် အပိုင်ဆယ်အိမ်မှူးဦးကျော် သင်းကစေခိုင်းလာပါသည်။

တရားခံများ၏ လုပ်ရပ်သည် ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၄–၅–၁၉၉၉)ရက်စွဲအမိန့်အမှတ်– ၁/၉၉နှင့် ၂၇–၁၀–၂၀၀၀ ရက်စွဲပါ အမိန့်အမှတ် – ၁/၉၉ ကိုဖြည့်စွက်အမိန့်တို့အရ ဆန့်ကျင်သော လုပ်ရပ်များဖြစ်ပါသည်။

သို့ဖြစ်ပါ၍တရားခံများအပေါ် ဥပဒေအရ အရေးယူပေးပါရန် ဦးတိုက်လျှောက်ထားတိုင်ကြားသဖြင့် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ – ၃၇၄ အရ အရေးယူသော အမှုဖြစ်ပါသည်။

အမှု တရားလိုနှင့် လိုပြသက်သေ ၈ ဦး၊ ရုံးခေါ်သက်သေ (၁)ဦးတို့ကို စစ်ဆေးခဲ့ပါသည်။

တရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ –၃၇၄ အရစွဲချက်တင်ခဲ့ရာ အပြစ်မရှိကြောင်းငြင်းဆိုခဲ့ပါသည်။

တရားခံများနှင့် ခံပြသက်သေ (၉)ဦးကို စစ်ဆေးခဲ့ပါသည်။ ရုံးတော်မှအပြီးသပ် နှစ်ဘက် လျှောက်လဲချက်ကြားနာသောအမှုဖြစ်ပါသည်။ တရားလိုထွက်ချက်တွင် "ကျမသည် ထန်းမနိုင်ရွာတွင် မွေးဖွားသည်မှ စ၍ နေထိုင်ပါသည်။ ၂၃–၃–၂၀၀၄ နေ့မှစ၍ ကြေငြာပါသည်။ ကြော်ငြာတာက ကိုသံခဲ (ခ)ကိုမြင့်သိန်းနှင့် ကိုဝင်းလွင်တို့အသံချဲ့စက်ဖြင့် နှစ်ယောက်တစ်လှည့်စီ ကြော်ငြာ ပါသည် –––

" ထန်းမနိုင်ကျေးရွာရှိ အိမ်ထောင်စုများ ကြားသိစေရန်ကြေငြာအပ်ပါသည်။ မြို့နယ် ရဲ့ညွှန်ကြားချက်အရ ကိုးထောင်ဆက်သွယ်ရေး လမ်းကို တစ်အိမ်ထောင်စုလျှင် အောက်ခင်း ၂၅ ပေ၊ အမြင့် ၅ပေ၊ ထပ်ဝ ၁၅ ပေ၊ အရှည် ၁၅ ပေနှုန်းကို တူးဖေါ်ရမည်။ မတူးဖော်နိုင်ပါက ကျပ် ဖ၀၀၀/–နှုန်းကို ပေးဆောင်စေရမည်။ ဆယ်အိမ်ခေါင်းကို ပေးရမည်။ မပေးဆောင် ပါက ၂၄ ရက်နေ့မှစ၍ ၂၈ ရက်နေ့အထိ အပြီး မပေးဆောင်ပါက ငွေ ဖ၀၀၀/–လည်းမပေးနိုင် ပါက ဥပဒေအရ ထိရောက်စွာ အရေးယူခံရမည်ဖြစ်ကြောင်း" ကြော်ငြာပါသည်။ ၂၄–၃–၀၄ နေ့တွင်လည်း ထပ်မံကြော်ငြာပါသည်။ အိမ်ထောင်စုဝင်များကို မြေတူး ခိုင်းပြီး လုပ်အားပေးခိုင်းသည်။ မြေမတူးလျှင် ငွေ ဖ၀၀၀/– ပေးရမည်။ မပေးသူကို ရဲစခန်းထည့်ပြီး ရယက

နှင့်စကားပြောရမည်ဟု ခြိမ်းခြောက်ပြီး ဥက္ကဌ ဦးစိန်ပေါစေခိုင်းချက်အရ ဦးကျော်သင်းမှ ၂၃–၃–၀၄ နေ့နှင့် (၂၅–၃–၀၄) နေ့များတွင်လာရောက်ပြီး ခြိမ်းခြောက်ပြောဆိုကြောင်း၊ ၂၄–၃–၀၄ နေ့တွင်အသံချဲ့စက်ဖြင့် ယခင်အတိုင်းကြေ်ငြာခဲ့ကြောင်း ထွက်ဆိုခဲ့ပါသည်။

ဦးတင်ငွေ၏ ထွက်ချက်တွင် ဆယ်အိမ်မှူးဦးသောင်းလှမှ ထန်းမနိုင် ကိုးထောင်လုပ်အားလမ်းမကြီးကို တူးပြီးပါက လက်မှတ် ထိုးခိုင်း၍ ထိုးပေးကြောင်း၊ ၄င်း၏ သားသမီးများရှိ၊ မတူးရင်ရဲနှင့် ဖမ်းမှာစိုး၍ တူးပေးခဲ့ရကြောင်း ရယကမှ အသံချဲ့စက်ဖြင့်ကြေ်ငြာကြောင်း––––ထွက်ဆိုခဲ့ပါသည်။

လိုပြဦးတင်အေး၏ ထွက်ချက်တွင်– အသံချဲ့စက်ဖြင့် ရယက ဥက္ကဌဦးစိန်ပေါအော်သောကြောင့်၊ အမိန့် အာဏာဖြင့် ဝိုင်း၍ ကြေ်ငြာ၍တူးရကြောင်း၊ အောင်ဇင်မိုးနှင့် နောက်တစ်ယောက်ကို ရဲတွေက ဆွဲ၍ တူးခဲ့ရပါသည်ဟု ၄င်းက ထွက်ဆိုခဲ့ ပါသည်။

လိုပြဦးအောင်ဇင်မိုး၏ ထွက်ချက်တွင် – အသံချဲ့စက်ဖြင့် ရယကမှကြေ်ငြာကြောင်း၊ ၄င်းအားရဲမှတစ်ညဖမ်းခဲ့ကြောင်း၊ ရယကမှာ မြေတူးပြီး သက်သေခံ (ဂ)(ဃ) ဆင့်စာပေးပို့ခဲ့ကြောင်း အစစ်ခံ ထွက်ဆိုခဲ့သည်။

လိုပြ ၃ ၏ ထွက်ချက်တွင် အသံချဲ့စက်ဖြင့် ရယကများက ကြေ်ငြာကြောင်း၊ ဆင့်ခေါ်စာနှစ်စောင် ဆင့်ခေါ်ကြောင်း၊ ခေါင်းစဉ်မပါသည့် စာရွက်တွင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ငွေ ၄၀၀၀ိ/–ကို ဥက္ကဌကအရေး ယူမည်စိုးသောကြောင့် ပေးခဲ့ရကြောင်း–––––ထွက်ဆိုခဲ့ပါသည်။

လိုပြဦးထွန်းရှိန်၏ထွက်ချက်တွင် ရယက မှအသံချဲ့စက်ဖြင့်အော်ကြောင်း၊ ငွေ၆၀၀ိ/– ပေးခဲ့ရကြောင်း၊ စာရွက်တစ်ရွက်ပေါ်လက်မှတ်ထိုးခဲ့ရကြောင်း––––ထွက်ဆိုခဲ့သည်။

လိုပြဦးတင်ရွှေ၏ ထွက်ချက်တွင် ဆယ်အိမ်မှူးဦးကျော်သင်းက ဥက္ကဌတူးခိုင်းသည်ဆိုပြီး လာတူးခိုင်း ပါသည်။ ထိရောက်စွာအရေးယူမည်ဟု ဦးစိန်ပေါမှ အသံချဲ့စက်ဖြင့်ကြေ်ငြာကြောင်း–––ထွက်ဆိုခဲ့ ပါသည်။

လိုပြ ဒေါ်ကျော့ထွက်ချက်တွင်–ရယကမှ အသံချဲ့စက်ဖြင့်အော်ကြောင်း၊ ၄င်း၏ တဲ့စောင့်မှ သွားတူးရကြောင်း၊ ငွေ ၆၀၀ိ/–ပေးရကြောင်း၊ ၄င်းကိုထပ်တူးခိုင်းကြောင်း–––ထွက်ဆိုခဲ့သည်။

လိုပြ ဦးအုံးထွန်း၏ ထွက်ချက်တွင် ရယကမှ အသံချဲ့စက်ဖြင့်အော်ကြောင်း၊ငွေ ၅၀၀ိ/– ပေးလိုက်ရကြောင်း၊ အရေးယူခံရမည်ကြောက်လို့ပေးကြောင်း ––– ထောက်ခံထွက်ဆိုခဲ့သည်။

ရုံးခေါ် မလှလှဝင်း၏ ထွက်ချက်တွင် ယခုကိစ္စကို မသိကြောင်း၊ သိလျက်သားနှင့် မသိပါဟု ထွက်ဆိုကြောင်း ထွက်ဆိုခဲ့ပါသည်။

တရားခံများ၏ ထုချေချက်တွင် အတင်းအဓမ္မခိုင်းစေမှုကို ၄င်းတို့အနေနှင့်ဆောင်ရွက်ခြင်းမဟုတ်ကြောင်း၊ လမ်းကော်မတီမှဆောင်ရွက်ကြောင်း၊ ၄င်းတို့တွင်တာဝန်မရှိကြောင်း၊ထုချေထားကြသည်။ သက်သေခံ (ဂ)(ဃ) ဆင့်ခေါ်စာ များ အရပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇–၁၀–၂၀၀၀ ပြည့်နေ့စွဲပါ ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၉၉ ကိုဖြည့်စွက်အမိန့်အရ တရားခံများသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ –၃၇၄ အရငြိစွန်းကျူးလွန်ကြောင်း ပေါ်ပေါက်ပါသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၄ တွင်ပြဌာန်းထားသည်မှာ –

မည်သူမဆို

က။ တရားခံသည် လူတစ်ဦးအား အတင်းအဓမ္မခိုင်းစေခြင်း။

ခ။ ယင်းသို့ခိုင်းစေခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ခြင်း၊

ဂ။ ထိုသူ၏ အလိုမတူပဲ ခိုင်းစေခြင်းတို့ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁၄–၅–၁၉၉၉ နေ့စွဲပါ ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၉၉ အရ၄င်း၊ ၂။ ၂၇–၁၀–၂၀၀၀ နေ့စွဲပါ ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၉၉ အား ဖြည့်စွက်သည့်အမိန့်အရ ၄င်း။။

တရားခံများအပေါ်ထိရောက်စွာ ဟန့်တားသော ပြစ်ဒဏ်ချမှတ်သင့်ပါသည်။

သို့ဖြင့်ပါ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၅၈ (၂)အရ
တရားခံများအပေါ် အပြစ်ပေးထိုက် ကြောင်း
လျှောက်လဲ အပ်ပါသည်။

ရန်ကုန်မြို့
၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်

( လက်မှတ်)
တရားလို ရှေ့နေ
------------
ဦးမြင့်သောင်း (LL.B )
တရားရုံးချုပ်ရှေ့နေ
၅၅/အခန်း ၅ (ဒုတိယထပ်)